## COVID-19 အတွင်း ယုံကြည်သက်ဝင်မှုနှင့်ဘာသာရေးဆိုင်ရာစုရုံးမှုများအတွက်လမ်းညွှန်အကျဉ်းချုပ်

## ဧပြီလ ၂၇၊ ၂၀၂၀

COVID-19 အတွင်း ယုံကြည်သက်ဝင်မှုနှင့်ဘာသာရေးဆိုင်ရာစုရုံးမှုများအတွက် ပြည်နယ်မှ ပြဌာန်းထားသော လမ်းညွှန်ချက်များကိုသိရှိရန်အရေးကြီးသည်။

ဘုရားရှိခိုးကျောင်းများနှင့် အခြားအိမ်ရှင်များသည် မိမိတို့စုဝေးရာနေရာကိုသန့်ရှင်းရေးလုပ်ခြင်း၊ ပါဝင်သူများ၏ကျန်းမာရေးကိုကာကွယ်ရန်နှင့်၊ ပြည်သူ့ကျန်းမာရေးလမ်းညွှန်ချက်များကို လိုက်နာပါက ၂၀၂၀ ခုနှစ်၊ မေလ ၁ ရက်နေ့မှစ၍ ယုံကြည်သက်ဝင်မှုနှင့် ဘာသာရေးဆိုင်ရာစုရုံးခြင်းများပြုလုပ်ရန် ခွင့်ပြုသည်။ ဘုရားရှိခိုးကျောင်းများနှင့် အခြားဝတ်ပြုရာနေရာများ လုံခြုံမှုရှိစေရန် အောက်ပါနည်းလမ်းများဖြင့် ကူညီနိုင်ပါသည်။

- အသံ (သို့) ဗွီဒီယိုဖိုင် အသုံးပြုခြင်းအားဖြင့် လူများအတတ်နိုင်ဆုံး အိမ်၌နေနိုင်ရန် လုပ်ဆောင်ပါ။ အိမ်၌နေခြင်းသည် COVID-19 ပျံ့နှံ့မှုကိုနှေးကွေးစေနိုင်သည့်အကောင်းဆုံး သော နည်းလမ်းဖြစ်သည်။ အိမ်၌နေခြင်းဖြင့် ကျန်းမာရေးလိုအပ်ချက်ရှိသူများနှင့်အသက် ၆၅ နှစ် နှင့်အထက်ရှိသက်ကြီးရွယ်အိုများကိုကာကွယ်နိုင်သည်။

- လူနည်းစုဝတ်ပြုကိုးကွယ်ခြင်း (သို့) အဆောက်အအုံပြင်ပ၌ ဝတ်ပြုကိုးကွယ်ခြင်း အစီစဉ်များအား ပြုလုပ်နိုင်သည်။

- လူများစုဝေးရာနေရာတိုင်း၌ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးများ ပြုလုပ်ပေးပါ။ ဘုရားရှိခိုးကျောင်းများနှင့်အဆောက်အအုံများအား ပုံမှန်သန့်ရှင်းရေးများပြုလုပ်ပေးရမည်။ လက်သန့်ဆေး ( hand sanitizers) ကို မကြာခဏအသုံးပြုပေးပါ။ တစ်ဦးနှင့်တစ်ဦးတိုက်ရိုက် ထိတွေ့မှုများကို ရှောင်ရှားနိုင်ရန် ပွဲတော်မင်္ဂလာနှင့် အလှူငွေကောက်ခံသည့်ဖလားများ ကမ်းပေးရာ၌ အခြားနည်းလမ်းများအား အသုံးပြုပေးပါ။

- အတူနေထိုင်သည့် တစ်အိမ်သားတည်းများမဟုတ်ပါက အနည်းဆုံးခြောက်ပေအကွာ၌ နေရာယူထိုင်သင့်သည်။ လက်ဆွဲနှုတ်ဆက်ခြင်း (သို့) တစ်ဦးနှင့်တစ်ဦးတိုက်ရိုက် ထိတွေ့မှုများ မပြုလုပ်ပါနှင့်။